LESSON 22 遅(おそ)くなりました
OSOKU NARIMASHITA

アンナ	お母(かあ)さん、ごめんなさい。遅(おそ)くなりました。	အမေ . . . တောင်းပန်ပါတယ်။
အန်းနာ	OKÂSAN, GOMENNASAI.	နောက်ကျသွားပါတယ်။
	OSOKU NARIMASHITA.	
寮母(りょうぼ)	アンナさん、10分(じっぷん)も遅刻(ちこく)です。	အန်းနာစံ
အဆောင်မှူး	約束(やくそく)を破(やぶ)ってはいけません。	၁၀ မိနစ်တောင်နောက်ကျတယ်။
	ANNA-SAN, JIPPUN MO CHIKOKU DESU. YAKUSOKU O YABUTTE WA IKEMASEN.	ကတိကို ချိုးဖောက်လို့မရဘူး။
アンナ	すみません。気(き)をつけます。	တောင်းပန်ပါတယ်။ သတိထားပါ့မယ်။
အန်းနာ	SUMIMASEN. KI O TSUKEMASU.	

သဒ္ဒါရှင်းလင်းချက်

① နာမဝိသေသနမှကြိယာဝိသေသနသို့ပြောင်းနည်း

◈ I-နာမဝိသေသန တွေရဲ့အဆုံးက I ကို KU လို့ ပြောင်းလိုက်ရင် ကြိယာဝိသေသနဖြစ်သွားပါတယ်။

OSOI (နောက်ကျသော) ⇒ OSOKU ဥပမာ - OSOKU NARIMASHITA. (နောက်ကျသွားတယ်)

◈ NA–နာမဝိသေသနတွေကို ကြိယာဝိသနပြောင်းချင်ရင် နောက်မှာ NI ကိုထည့်ရပါမယ်။

JÔZU (တော်သော) ⇒ JÔZUNI ဥပမာ - JÔZUNI NARIMASHITA. (တော်လာတယ်)

② FUN/PUN : မိနစ်ကိုရေတွက်သောအသုံးအနှုန်း

NIFUN (နှစ်မိနစ်), JIPPUN/JUPPUN (ဆယ်မိနစ်) ☞ *အရေအတွက်ပြအသုံးအနှုန်းများ : စာမျက်နှာ ၅၃ သို့*

③ TE-ပုံစံကြိယာ + WA IKEMASEN

◈ TE-ပုံစံကြိယာရဲ့ နောက်မှာ WA IKEMASEN ကိုထည့်လိုက်ရင် "မလုပ်ရဘူး" ဆိုတဲ့အဓိပ္ပာယ်ဖြစ်သွားပါတယ်။

ဥပမာ - YAKUSOKU O YABUTTE WA IKEMASEN. (ကတိကို ချိုးဖောက်လို့မရဘူး)

အိုနိုမာတိုပဲ

ဒေါသအရမ်းထွက်နေပုံကိုဖော်ပြတဲ့ အိုနိုမာတိုပဲပါ။

ဒေါသထွက်ပြီးသုန်သုန်မှုန်မှုန်ဖြစ်နေပုံ ကိုဖော်ပြတဲ့အိုနိုမာတိုပဲပါ။

မကျေမနပ်ဒေါသနဲ့မာန်မဲနေပုံကို ဖော်ပြတဲ့အိုနိုမာတိုပဲပါ။

Created by NHK WORLD © ver. April 2015